# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေ

## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၂၆/၈၉)

၁၃၅၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်
(၁၉၈၉ ခုနှစ် စက်တင်ဘာလ ၂၈ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **စစ်ဘက်ရာထူးအခေါ်အဝေါ်** ဆိုသည်မှာ တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် သတ်မှတ်သုံးစွဲသည့် ရာထူးအခေါ်အဝေါ်ကို ဆိုသည်၊

(ခ) **စစ်ဘက်အဆင့်အခေါ်အဝေါ်** ဆိုသည်မှာ တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် သတ်မှတ်သုံးစွဲသည့် အဆင့်အခေါ်အဝေါ်ကို ဆိုသည်၊

(ဂ) **တပ်မတော်အငြိမ်းစား** ဆိုသည်မှာ တပ်မတော်အငြိမ်းစားလစာနှင့် ဆုကြေးစည်းမျဉ်းဥပဒေအရ အငြိမ်းစားလစာကိုဖြစ်စေ၊ မစွမ်းမသန်မှု အငြိမ်းစားလစာကိုဖြစ်စေ ခံစားခွင့်ရရှိပြီးသူကို ဆိုသည်။ ယင်းစကားရပ်တွင် စစ်မှုထမ်းစဉ်ကွယ်လွန်သူနှင့် အငြိမ်းစားယူပြီးနောက် ကွယ်လွန်သူလည်း ပါဝင်သည်။

### အခန်း (၂)

### စစ်ဘက်အဆင့် အခေါ်အဝေါ်များသုံးစွဲခြင်း

၃။ တပ်မတော်အငြိမ်းစားတစ်ဦးသည်-

(က) စစ်ဘက်အမှုထမ်းဆောင်ချိန်တွင် နောက်ဆုံးရရှိခဲ့သော စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်၏ရှေ့၌ထားပြီး အငြိမ်းစားဟူသော စကားရပ်ကိုကွင်းစ ကွင်းပိတ်ဖြင့် မိမိအမည်၏ နောက်၌ထား၍ ခေါ်ဝေါ်သုံးစွဲရမည်။

(ခ) တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ကို ချီးမြှင့်အပ်နှင်းခြင်း ခံရသူဖြစ်ပါက ယင်းဘွဲ့အမည်ကို စစ်ဘက်အဆင့်အခေါ်အဝေါ်၏နောက် မိမိအမည်၏ရှေ့၌ ထား၍ ခေါ်ဝေါ်သုံးစွဲရမည်။

(ဂ) အထက်ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) အရ မိမိ၏ အမည်ကို သုံးစွဲရာတွင် "ဦး" ဆိုသည့် စကားရပ်ကို ထည့်သွင်းသုံးစွဲခြင်းမပြုရ။

## အခန်း (၃)

## တားမြစ်ချက်

၄။ တပ်မတော် (ကြည်း၊ ရေ၊ လေ) တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်းများအနက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် စစ်ဘက်အဆင့်အခေါ်အဝေါ်ကိုလည်းကောင်း၊ အငြိမ်းစားဟူသော စကားရပ်ကိုလည်းကောင်း မိမိအမည်နှင့်ယှဉ်တွဲ၍ သုံးစွဲခြင်းမပြုရ −

(က) စစ်မှုထမ်းခြင်းမှ နုတ်ပယ်ခြင်းခံရသူ၊
(ခ) စစ်မှုထမ်းခြင်းမှ ထုတ်ပယ်ခြင်းခံရသူ၊
(ဂ) ရှုတ်ချ၍ အမြဲတမ်းထုတ်ပယ်ပစ်ခြင်းခံရသူ၊
(ဃ) စစ်မှုထမ်းသက် ဆုကြေးသာရရှိသူ၊

၅။ တပ်မတော်အငြိမ်းစားတစ်ဦးသည် ဤကိစ္စအလို့ငှာ ကာကွယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသော ပြစ်မှုတစ်ရပ်ရပ်ဖြင့် သက်ဆိုင်ရာတရားရုံးက ပြစ်မှုထင်ရှားတွေ့ရှိ၍ ထောင်ဒဏ်စီရင်ခြင်းခံရလျှင် ပုဒ်မ ၃ ပါ အခွင့်အရေးကို သုံးစွဲခွင့်မရှိစေရ။

၆။ မည်သူမဆို စစ်မှုထမ်းဆောင်ချိန်က တာဝန်ယူခဲ့သော စစ်ဘက်ရာထူးအခေါ်အဝေါ်ကို မိမိအမည်နှင့် ယှဉ်တွဲ၍ သုံးစွဲခြင်းမပြုရ။

## အခန်း (၄)

## ပြစ်ဒဏ်

၇။ မည်သူမဆို ပုဒ်မ ၄၊ ပုဒ်မ ၅ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၅)

## အထွေထွေ

၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့ကို ဖြစ်စေ၊ ဂုဏ်ထူးဆောင်တံဆိပ်ကိုဖြစ်စေ၊ နိုင်ငံဂုဏ်ရည်ဘွဲ့ကိုဖြစ်စေ ချီးမြှင့်အပ်နှင်းခြင်းခံရသော သို့မဟုတ် လွတ်လပ်ရေးမော်ကွန်းဝင်အဖြစ်အသိအမှတ်ပြုခြင်းခံရသော တပ်မတော်အငြိမ်းစားတစ်ဦးက သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ယင်းဘွဲ့တံဆိပ်အမည်ကိုသော်လည်းကောင်း၊ လွတ်လပ်ရေးမော်ကွန်းဝင်အဆင့်ကို သော်လည်းကောင်း မိမိအမည်နှင့်တွဲ၍ သုံးစွဲခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၉။ ဤဥပဒေအရ အရေးယူရန်လိုအပ်လျှင် ကာကွယ်ရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုခြင်းပြုရမည်။

၁၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။